
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## ( အိမ်သုံး ) ဆံပင်အခြောက်ခံစက်

မော်ဒယ်နံပါတ် ‧ **EH-NA32**



ဤဆံပင်အခြောက်ခံစက်ကို အသုံးမပြုမီ အောက်ပါလမ်းညွှန်ချက်များကို ပြည့်စုံစွာ ဖတ်၍ နောင်တွင် အသုံးပြုနိုင်ရန် သိမ်းဆည်းထားပါ။

# မာတိကာများ


**ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်** ..... ၃

အစိတ်အပိုင်းများအားခွဲခြမ်းစိတ်ဖြာခြင်း ..... ၁၁

နာနိုအကြောင်း ..... ၁၃

ဆံပင်အခြောက်ခံစက်အသုံးပြုနည်းလမ်းညွှန် ..... ၁၄

ဆံပင်အခြောက်ခံစက်ကိုပြုပြင်ထိန်းသိမ်းခြင်း ..... ၁၅

ပြဿနာရှာဖွေဖြေရှင်းခြင်း ..... ၁၈

အသေးစိတ်အချက်အလက်များ ..... ၁၈


မြန်မာ

ဤပန်နာဆိုးနစ်ထုတ်ကုန်ကိုဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

နာနို ™ သည် ပန်နာဆိုးနစ် ကုပ္ပဏီ၏ ကုန်အမှတ်တံဆိပ်ဖြစ်သည်။
နာနို ™ သည် ရေမှုန်အုပ်ထားသော နာနိုအရွယ် အိုင်းယွန်း အမှုန်ဖြစ်သည်။

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

အနာတရဖြစ်မှု၊အသက်ဆုံးရှုံးမှု၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုလျော့ချရန်အောက်ပါဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများကိုအမြဲသတိပြုပါ။

## အမှတ်သင်္ကေတရှင်းလင်းချက်

အောက်ပါသင်္ကေတများသည်အညွှန်းသင်္ကေတများကိုလျစ်လျူရှုခြင်းမလျော်ကန်စွာအသုံးပြုခြင်းများပြုလုပ်သည့်အခါတွင်ဖြစ်ပေါ်လာသောဘေးအန္တရာယ်၊အနာတရ၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုခွဲခြားဖော်ပြရာတွင်အသုံးပြုပါသည်။

| | |
|---|---|
| **အရေးကြီးသတိပေးချက်** | ဒဏ်ရာပြင်းထန်မှု(သို့)အသက်ဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်အလားအလာကိုဖော်ညွှန်းသည်။ |
| **သတိပေးချက်** | အသေးစားဒဏ်ရာ(သို့)ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်ကိုဖော်ညွှန်းသည်။ |

အောက်ပါသင်္ကေတများသည်သတိပြုရမည့်လမ်းညွှန်ချက်များကိုခွဲခြားဖော်ပြရာတွင်အသုံးပြုသည်။

| |
|---|
| ဤသင်္ကေတသည်မလုပ်ဆောင်သင့်သောသတ်မှတ်ထားသည့်လုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |
| ဤသင်္ကေတသည်ယူနစ်တစ်ခုအားလုံခြုံဘေးကင်းစွာလည်ပတ်နိုင်ရန်လိုက်နာရမည့်သတ်မှတ်ထားသောလုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |

“လုံခြုံရေးကြိုတင်ကာကွယ်မှုများ”တွင်ဖော်ပြချက်များသည်ထုတ်ကုန်နှင့်လိုက်၍ပြောင်းလဲနိုင်ပါသည်။

# အရေးကြီးသတိပေးချက်

► ပလပ်ခေါင်းနှင့်မီးကြိုး

**မီးကြိုးအစည်းလိုက်ဖြင့်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများရှိနိုင်ပါသည်။

---

**မီးကြိုး (သို့ ) ပလပ်ခေါင်းကို မပျက်စီးပါစေနှင့်။**

**လျှပ်စစ်ကြိုးကိုရစ်ပတ်ခြင်း၊ဆွဲခြင်း၊အားဖြင့်ကွေးခြင်း၊ ပြုပြင်ခြင်း(သို့)ဖျက်စီးခြင်းမပြုပါနှင့်။ကြိုးကိုဖိခြင်း၊ပစ္စည်းအလေးများတင်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပလတ်ခေါင်း(သို့)ကြိုးပျက်စီးသည့်အခါ(သို့)ပူနေသည့်အခါမျိုးတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပလပ်ခေါင်းသည် အိမ်သုံးပလပ်ပေါက်တွင် လျော့လျော့ရဲရဲဖြစ်နေပါက ကိရိယာတွင်လျော့လျော့ရဲရဲဖြစ်ပါကကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စစ်ပတ်လမ်းတို ခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

---


**ရေစိုနေသောလက်နှင့်ပလပ်ပေါက်တွင် ပလပ်ခေါင်းတပ်ခြင်း၊ ဖြုတ်ခြင်း မပြုပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**သိမ်းဆည်းရာတွင်အခြောက်ခံစက်၏အဓိကအပိုင်းကိုကြိုးဖြင့်ရစ်ပတ်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကကြိုး၏ဝန်ကျိုးကာလျှပ်စီးလောင်ကျွမ်းမှုကြောင့်ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်းများရှိနိုင်သည်။



---

**ကြိုးကို လိမ်၍ သိမ်းဆည်းခြင်း၊ အသုံးပြုခြင်းမပြုပါနှင့်။**

– ထိုကဲ့သို့ပြုလုပ်ပါက ကြိုးအတွင်းရှိ ဝါယာကြိုးသည် ဖိအားကြောင့်ပျက်စီးပြီး လျှပ်စီးပတ်လမ်းတိုကြောင့် ဓာတ်လိုက်ခြင်း (သို့) မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

မြန်မာ

# ⚠ အရေးကြီးသတိပေးချက်

**ပလပ်ဖြုတ်သည့်အခါ ပလပ်ခေါင်းကိုကိုင်၍ဖြုတ်ပါ။ကြိုးမှမဆွဲပါနှင့်။**

–မပြုလုပ်ပါက ကြိုးအတွင်းရှိ ဝိုင်ယာကြိုးပျက်ကာ လျှပ်စီးလောင်ကျွမ်းခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊
မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ဖုန်များစုလာခြင်းမှကာကွယ်ရန် ပလပ်ခေါင်းအား မှန်မှန်သန့်ရှင်းပါ။**

–မပြုလုပ်ပါက စိုထိုင်းမှုကြောင့်ဖြစ်ပေါ်လာသော အပူချိန်ကျဆင်းမှုကြောင့် မီးလောင်နိုင်ပါသည်။
ပလပ်ခေါင်းကို ဖြုတ်၍အဝတ်ခြောက်ခြောက်ဖြင့်သုတ်ပါ။

---

**အသုံးပြုပြီးသည့်အခါတွင် အိမ်သုံးပလပ်ခုံများမှ ပလပ်ခေါင်းကိုဖြုတ်၍ ပါဝါခလုတ်ကို အမြဲပိတ်ပါ။**

–မပြုလုပ်ပါက မီးလောင်ခြင်း၊အပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**ပလပ်ခုံတစ်ခုတည်းတွင်သာအသုံးပြုပါ။မီးကြိုးအပိုဖြင့်အသုံးမပြုပါနှင့်။ပလပ်ခေါင်းအားသေချာထိုးပါ။**

**ကိရိယာပေါ်တွင်ဖော်ပြထားသည့်သတ်မှတ်ဗို့အားနှင့်ကိုက်ညီသောလျှပ်စစ်ဓာတ်အားအရင်းအမြစ်ဖြင့်သာ ကိရိယာကိုအသုံးပြုပါ။**

–ယင်းကဲ့သို့ မပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများဖြစ်နိုင်ပါသည်။

---

**ကိရိယာအားပိတ်လိုက်သည့်အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့် ရေချိုးခန်းတွင်အသုံးပြုပြီး နောက် ခလုတ်ဖြုတ်ပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ထပ်ဆောင်းကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ် ထားသည့် ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် ( အာစီဒီ ) တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

# ⚠ အရေးကြီးသတိပေးချက်

**အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှ အစားထိုးလဲလှယ်ပေးရမည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အန္တရာယ်ဖြစ်မှုများရှိနိုင်ပါသည်။

---

### ▶ အကယ်၍ မှုမမှန်ခြင်း၊ စက်ချွတ်ယွင်းခြင်းများရှိလျှင်

**အကယ်၍ ပုံမှန် မဟုတ်ခြင်း၊ စက်ပစ္စည်းချွတ်ယွင်းခြင်းများရှိသည့်အခါ ပလပ်ကို ဖြုတ်၍ အသုံးပြုခြင်းကို ရပ်လိုက်ပါ။**

–ဆက်လက်အသုံးပြုပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊အန္တရာယ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

**(ပုံမှန်မဟုတ်ခြင်း(သို့)စက်ပစ္စည်းချွတ်ယွင်းခြင်းဖြစ်ရပ်များ)**

- **လေမထွက်ခြင်း**
- **ယူနစ်သည် ပြတ်တောင်းပြတ်တောင်းရပ်ခြင်း**
- **အတွင်းပိုင်းသည်ရဲရဲနီလာ၍ မီးခိုးငွေ့ထွက်လာခြင်း**

–ယင်းကဲ့သို့ဖြစ်ပါက သတ်မှတ်ထားသော ဝန်ဆောင်မှုစင်တာတွင် စစ်ဆေးခြင်း၊ပြင်ဆင်ခြင်းများ ချက်ခြင်းပြုလုပ်ပါ။

---

### ▶ ပြုပြင်ထိန်းသိမ်းခြင်း

**လေပူဖြင့်ကိရိယာအားအသုံးပြုနေချိန် လေထွက်ပေါက်တွင် မီးပွားများမြင်ပါက အသုံးပြုမှုကိုရပ်၍ လေထွက်ပေါက်တွင်ရှိသော ချည်စများကိုဖယ်ပါ။**

–ယင်းကဲ့သို့ မပြုလုပ်ပါက အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

### ▶ ဤကိရိယာအတွက်

**လေဝင်ပေါက်၊လေထွက်ပေါက်၊အိုင်ယွန်ထွက်ပေါက်ထဲသို့ဆံညှပ်များ၊အခြားသောအရာများထည့်ခြင်း၊ပိတ်ဆို့ခြင်းမျိုးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းအပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

မြန်မာ

# အရေးကြီးသတိပေးချက်

**ပါဝါခလုတ်ဖွင့်၍မထားပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ကျွမ်းနိုင်ပါသည်။

---

**အရက်၊ ဘန်ဇင်း၊ တင်နာ၊ မှုတ်ဆေး၊ ဆံကေသာ ထိန်းသိမ်းမှုထုတ်ကုန်၊လက်သည်းဖျက်ဆေးကဲ့သို့ ပေါက်ကွဲမှုလွယ်သောပစ္စည်းများနှင့် နီးသောနေရာတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက ပေါက်ကွဲခြင်း၊မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

**ပြုပြင်ခြင်း၊အစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ပြန်လည်မွမ်းမံခြင်းများမပြုလုပ်ပါနှင့်။**

–ပြုလုပ်ပါကပုံမှန်မဟုတ်သောလုပ်ဆောင်ချက်ကြောင့် မီးလောင်ခြင်း၊ အနာတရဖြစ်ခြင်းများ ရှိနိုင်ပါသည်။

ခွင့်ပြုချက်ရ ဆားဗစ်စင်တာသို့ ပြုပြင်ရန်ဆက်သွယ်ပါ။

---

**ကလေးငယ်များလက်လှမ်းမှီသော နေရာတွင်မထားပါနှင့်။**
**ကလေးများကိုအသုံးပြုခွင့်မပြုပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်ပါသည်။

---

**ရေစိုသောလက်ဖြင့်ကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စီးလောင်ကျွမ်းခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ဤကိရိယာကို စီးပွားဖြစ်သုံးခြင်း၊သင့်လျော်သောထိန်းသိမ်းမှုမရှိဘဲသုံးခြင်းမျိုးမပြုပါနှင့်။**

– ပြုလုပ်ပါက စဉ်ဆက်မပြတ်အသုံးပြုခြင်း၊အဆမတန်အသုံးပြုခြင်းကြောင့် အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**အစိုဓာတ်များသော ရေချိုးခန်းကဲ့သို့နေရာမျိုးတွင်ကိရိယာကို ထားရှိခြင်းမပြုပါနှင့်။မှန်တင်ခုံကဲ့သို့ရေများလျှံကျနိုင်သောနေရာမျိုးတွင် လည်းမထားပါနှင့်။**

–ပြုလုပ်ပါကဓာတ်လိုက်ခြင်း၊မီးလောင်ကျွမ်းခြင်းများရှိနိုင်ပါသည်။

---

# အရေးကြီးသတိပေးချက်

**ကိရိယာအား ရေစိမ်ခြင်းမပြုပါနှင့်။**

**ရေနှင့်နီးသောနေရာတွင်မထားပါနှင့်။**

**ရေချိုးကန်၊ရေပန်း၊ဘေစင်နှင့်အခြားရေပါသောခွက်များတွင်မထားပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်းများရှိနိုင်ပါသည်။



**ကိရိယာပေါ်ရှိအနီရောင်တားမြစ်သင်္ကေတသည် ရေနှင့်နီးသောနေရာတွင် ကိရိယာအားအသုံးမပြုရန်သတိပေးခြင်းဖြစ်သည်။**

**ဤကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ ကိရိယာ၏အသုံးပြုပုံအားလမ်းညွှန်ချက်မရှိဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကိုလည်း ဤကိရိယာနှင့်ဆော့ကစားခြင်းမပြုရန်ဂရုစိုက်သင့်ပါသည်။**

–မပြုလုပ်ပါက မတော်တဆ ထိခိုက်မှု (သို့) အနာတရဖြစ်မှုများ ရှိနိုင်ပါသည်။

# သတိပေးချက်


▶ ဆံပင်ကိုကာကွယ်ရန်အတွက်

**ပျက်စီးနေသော လေဝင်ပေါက်များကို အသုံးမပြုပါနှင့်။**

–လေဝင်ပေါက်တွင် ဆံပင်များညှိကာ ပျက်စီးနိုင်ပါသည်။

**လေထွက်ပေါက်နှင့်ဆံပင်ကြားတွင် ၃ စင်တီမီတာခြား၍အသုံးပြုပါ။**

–သို့မဟုတ်ပါက ဆံပင်များအပူကျွမ်းနိုင်ပါသည်။




**လေဝင်ပေါက်နှင့်ဆံပင်အားအနည်းဆုံး ၁၀ စင်တီမီတာခြား၍အသုံးပြုပါ။**

–သင်၏ဆံပင်သည် လေဝင်ပေါက်တွင် ရှုပ်ထွေးသွားနိုင်ပြီး ဆံပင်များကိုပျက်စီးစေနိုင်ပါသည်။



▶ အောက်ပါကြိုတင်ကာကွယ်မှုများကို မှတ်သားပါ။

လွတ်ကျခြင်း(သို့)အရာဝတ္ထုများနှင့်မထိမိပါစေနှင့်။

–ယင်းကဲ့သို့ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

**လူတို့၏ဆံပင်များကိုသာ အခြောက်ခံခြင်း၊ပုံသွင်းခြင်းအတွက်သာအသုံးပြုပါ။(အိမ်မွေးတိရစ္ဆာန်များ၊အဝတ်အထည်၊ရှူးဖိနပ်အစ ရှိသည်တို့ကိုအခြောက်ခံရန်အသုံးမပြုပါနှင့်။)**

–အကယ်၍အသုံးပြုပါက မီးလောင်ခြင်း၊အပူကျွမ်းခြင်း ဖြစ်စေနိုင်သည်။

**ကလေးငယ်များအတွက်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

**ကိရိယာ၏ပူနေသောလေထွက်ပေါက်နှင့်တပ်ဆင်ထားသောပိုက်ခေါင်းကို မကိုင်ပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

**အသုံးပြုနေစဉ် လေထွက်ပေါက်အတွင်းသို့ မကြည့်ပါနှင့်။**

–ဆံပင်အခြောက်ခံစက်သည် လေနှင့်အတူ ဖုန်မှုန့်များပါလာသည့်အတွက်ထိခိုက်ဒဏ်ရာရနိုင်ပါသည်။

# ⚠ သတိပေးချက်

**စစ်ထုတ်ကိရိယာအား ဖယ်၍ စက်ပစ္စည်းကို လုံးဝ မသုံးပါနှင့်။**

–သင်၏ဆံပင်သည် လေဝင်ပေါက်တွင် ရှုပ်ထွေးသွားနိုင်ပြီး ဆံပင်ကို ပျက်စီးနိုင်သည်။

---


**စစ်ထုတ်ကိရိယာအားရေမဆေးပါနှင့်။**

–ပြုလုပ်လျှင် မီးလောင်ခြင်း (သို့) လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သည်။

---

**အသုံးပြုနေစဉ် လက်ကိုင်ကို ခေါက်ထားသည် ဖြစ်စေ၊ မခေါက်ထားသည် ဖြစ်စေ အောက်ဖော်ပြပါပုံတွင် ပြထားသော အရောင်ချယ်ထားသော နေရာကို မထိပါနှင့်။**

–မပြုလုပ်ပါက လက်ချောင်းများ ထိခိုက်ဒဏ်ရာ ရရှိနိုင်ပါသည်။




---


▶ မှတ်ချက်

- ဤကိရိယာသည် အပူလွန်ကဲခြင်းအားအလိုအလျောက်ကာကွယ်ပေးသောကိရိယာကိုတပ်ဆင်ထားပါသည်။အကယ်၍ကိရိယာသည်အပူလွန်ကဲလာသည့်အခါ လေအေးစနစ်သို့ ကူးပြောင်းသွားပါမည်။ထိုအခါ ခလုတ်ပိတ်၍ ပလပ်ခုံမှဖြုတ်ပါ။နောက်တစ်ကြိမ်ထပ်မံအသုံးမပြုမီ မိနစ်အနည်းငယ် အအေးခံပါ။အသုံးမပြုခင်တွင် လေဝင်ပေါက်နှင့်လေထွက်ပေါက်တို့ကို ဖုန်မှုန့်၊ဆံပင်တို့ရှိမရှိစစ်ဆေးပါ။
- ဤဆံပင်အခြောက်ခံစက်ကို အသုံးပြုသောအခါ ထူးဆန်းသောအနံ့တစ်ခုကို သင်သတိထားမိလိမ့်မည်။၎င်းသည် စက်က ထုတ်လွှတ်သော အိုဇုန်းဓာတ်ငွေ့ကြောင့်ဖြစ်ပြီး လူ့ခန္ဓာကိုယ်အား ထိခိုက်မှုမရှိပါ။

မြန်မာ

# အစိတ်အပိုင်းများအား ခွဲခြမ်းစိတ်ဖြာခြင်း





ညာဘက်ပုံတွင်ပြထားသည့် အတိုင်း လေထွက်ပေါက်ဒေါင်လိုက်ဖြစ်စေရန် လျှင်မြန်စွာ ခြောက်သွေ့စေသော နှုတ်သီးပြွန်နှင့် ပူးတွဲတပ်ဆင်ပါ။

- က လေထွက်ပေါက်
- ခ နှုတ်သီးပြွန်တပ်ရန်
- ဂ နာနိုထွက်ပေါက်
- ဃ နာနိုမီးအိမ်
- င လေဝင်ပေါက်
- စ လေဝင်ပေါက်ကွန်ရက်

# အစိတ်အပိုင်းများအား ခွဲခြမ်းစိတ်ဖြာခြင်း

**ဆ** **စစ်ထုတ်ကိရိယာ**

ဆံပင်အခြောက်ခံစက်အသုံးပြုသောအခါ စစ်ထုတ်ကိရိယာနှင့် လေဝင်ပေါက် ပူးတွဲတပ်ဆင်ထားကြောင်းသေချာပါစေ။

**ဇ** **နာနိုခလုတ်**

⊙: ဖွင့်သည်။

⊙: ပိတ်သည်။

**ဈ** **ခလုတ်အကန့်**

**ည** **လက်ကိုင်**

**ဋ** **ဝါယာကြိုး**

**ဌ** **ပလပ်ခေါင်း**

ပလပ်ခေါင်းပုံသဏ္ဌာန်သည် နေရာဒေသပေါ်လိုက်၍ ကွဲပြားမှုရှိသည်။

**ဍ** **ပါဝါခလုတ်**

|| ခြောက်သွေ့သော (အားပြင်းသောလေကြောင်း)

| ထားသည် (သိမ်မွေ့သောလေကြောင်း)

○ ပိတ်သည်။

**ဎ** **အပူချိန်ရွေးချယ်မှု**

♨ ပူနွေးသော (လေပူစီးဆင်းမှု)

🌡 အပူကာကွယ်မှု (နွေးသောလေစီးကြောင်း)

❄ အေးသော (လေအေးစီးဆင်းမှု)

**ဏ** **လျှင်မြန်စွာခြောက်သွေ့စေသော နှုတ်သီးပြွန်**


# နာနိုအကြောင်း

## နာနိုဆိုတာဘာလဲ

လေထဲတွင် ရှိသော အစိုဓာတ်များစုဆောင်းခြင်းဖြင့် နာနိုကို ထုတ်လုပ်ပါသည်။ ထို့ကြောင့်အသုံးပြုသည့် ပတ်ဝန်းကျင်ပေါ်မူတည်သည်။အပူချိန်နိမ့်သော ပတ်ဝန်းကျင်နှင့် စိုစွတ်မှုနည်းသော ပတ်ဝန်းကျင်တွင် လေထဲရှိ စိုစွတ်မှုကို စုဆောင်းရန် ခက်ခဲသောကြောင့် နာနိုမထုတ်လုပ်နိုင်ပါ။ ထိုသို့ဖြစ်သောအခါ အမဓာတ် အိုင်းယွန်းများ ထုတ်လွှတ်သည်။

နာနိုသည် ရေဖြင့်ဖုံးအုပ်သော အလွှာဖြစ်သောကြောင့်လူတို့၏ မျက်လုံးဖြင့် မမြင်နိုင်ပေ။

## ခလုတ်အကန့်၏ အကျိုးသက်ရောက်မှု




ခလုတ်အကန့်တစ်လျှောက်ကို လက်ဖြင့်ဆုတ်ကိုင်ထားရုံဖြင့် သင်၏ဆံပင်ကို ပိုမိုသော နာနိုများစွဲကပ်စေပါသည်။

▶ မှတ်ချက်

- နာနို၏အကျိုးသက်ရောက်မှုသည် တစ်ဦးချင်းစီ၏ ပုံစံနှင့် သက်ဆိုင်သည်။ပြီးနောက် အောက်ဖော်ပြပါ လူများသည် အကျိုးသက်ရောက်မှုကို တွေ့ကြုံခံစားရန် ခက်ခဲနိုင်သည်။


  – ဆံပင်ကောက်သောလူ

  – ခိုင်မာထူထပ်သောဆံပင်အလိပ်နှင့်လူ

  – ချောမွေ့သောဆံပင်နှင့် လူ
  ၎င်းသည် လွယ်ကူစွာ ပုံသွင်းနိုင်သည်။

  – ၃ လမှ ၄ လ အတွင်း ဆံပင်ဖြောင့်ထားသောလူ

  – ဆံပင်တိုသောလူ

| ဆံပင်ကောက် | ထူသောဆံပင်လိပ် |
|---|---|
|  |  |

# ဆံပင်အခြောက်ခံစက်အသုံးပြုပုံ

၁။ နာနီခလုတ်နှင့် နာနီ ရှိမရှိ ရွေးချယ်ပါ။

၂။ အပူချိန်ရွေးချယ်ခလုတ်ဖြင့် အပူချိန် လေကြောင်းစီးဆင်းမှုရွေးချယ်ပါ။

၃။ အဓိကခလုတ်ဖြင့် လေကြောင်းစီးဆင်းနှုန်းပြင်းထန်မှု ရွေးချယ်ပါ။

### ▶ နှုတ်သီးပြွန်တပ်ခြင်း

လွယ်ကူစွာပုံသွင်းရန်နှင့် ဆံပင်ကို ခြောက်အောင်မှုတ်ရန် ဆံပင်အခြောက်ခံစက်တွင် နှုတ်သီးတပ်ပါ။

- နှုတ်သီးပြွန်တပ်ခြင်းသည် ဆံပင်၏ တိကျသော ဧရိယာပေါ်လေစီးကြောင်းတိုက်ရိုက်စီးဆင်းနိုင်ရန် ကူညီပေးသည်။

### ▶ လျှင်မြန်စွာခြောက်သွေ့စေသော နှုတ်သီးပြွန်

လျှင်မြန်စွာ အခြောက်ခံမှုတ်ရန်အတွက် လျှင်မြန်စွာခြောက်သွေ့စေသောနှုတ်သီးပြွန်ကို အသုံးပြုပါ။

- လျှင်မြန်စွာခြောက်သွေ့စေသော နှုတ်သီးပြွန်အား ပြင်းသောလေနှင့်အားပျော့သောလေကို တစ်လှည့်စီ စီးဆင်းစေခြင်းဖြင့်ဆံပင်အား အခြောက်ခံရာတွင် သီးခြားရပ်တည်နိုင်ရန်ကူညီပေးသည်။


## အပူအကာအကွယ်အကြောင်း

ဤစနစ်သည် ဦးရေနှင့် ဆံသားကို ကာကွယ်ရန် တိကျပြီး နွေးထွေးသော အပူချိန်ကို ထောက်ပံ့ပေးသည်။

# ဆံပင်အခြောက်ခံစက်ပြုပြင်ထိန်းသိမ်းခြင်း

**အမြဲတမ်းခလုတ်ပိတ်ပြီးနောက် ပလက်ကို အိမ်တွင်းပလပ်ပေါက်မှ ဖြုတ်ပါ။(လေဝင်လေထွက်ပေါက်မှ လွဲ၍)**

## ဆံပင်အခြောက်ခံစက်ထိန်းသိမ်းစောင့်ရှောက်ခြင်း



**ဆံပင်အခြောက်ခံစက် ညစ်ပေသွားသောအခါ ဆံပင်အခြောက်ခံစက်ကို သန့်ရှင်းပါ။**

ကိုယ်ထည်ပိုင်းကိုသာ နူးညံ့သောအဝတ်စဖြင့် ရေပိုက်မှ ရေအနည်းငယ် (သို့) ဆပ်ပြာရည်နှင့် အနည်းငယ် နှစ်မြှုပ်၍ သန့်ရှင်းရေးပြုလုပ်ပါ။




▶ မှတ်ချက်

- အရက်၊ လက်သည်းအရောင်ဖျက်ဆေး (သို့) ဆပ်ပြာ ( မာကျောသောဆပ်ပြာ ) အစရှိသည့် အရာများအသုံးမပြုပါနှင့်။ အသုံးပြုပါက စက်ပျက်စီးခြင်း၊ အစိတ်အပိုင်းများ ကျိုးပဲ့ခြင်း နှင့် အရောင်လွင့်ပျယ်ခြင်းများ ဖြစ်နိုင်သည်။
- ဆံပင်အလှပြုပြင်သည့် ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို စက်ပေါ်တွင် မတင်ထားပါနှင့်။

ပြုလုပ်ပါက ပလပ်စတစ်ယို့ယွင်းထားပြီးနောက် အရောင်လွင့်ခြင်းနှင့် ကျိုးပဲ့ခြင်းတို့ကို ဦးတည်နိုင်ပါသည်။

# လေထွက်ပေါက်ကို ပြုပြင်ထိန်းသိမ်းခြင်း

တစ်လလျှင် တစ်ကြိမ်လေထွက်ပေါက်ကို သန့်ရှင်းရမည်။


စကာကွက်တွင် ကာနေသော ဖုန်မှုန့်ဆံပင် အစရှိသည့်များကို ပွတ်တိုက် ဖယ်ထုတ်ပါ။

လေထွက်ပေါက်ကို ပြုပြင်ထိန်းသိမ်းစဉ်တွင် ဆံပင်အခြောက်ခံစက်ကို အိမ်တွင်း ပလပ်ပေါက်တွင် ပလပ်တပ်ထားသင့်သည်။

အပူချိန်ရွေးချယ်မှုကို “ ❄ ” အမှတ်အသားတွင်ထားပါ။ထို့နောက် ခလုတ်ကို “ | ” သို့ထားပြီး လေအေးစီးကြောင်းအသုံးပြုပြီးသွားပွတ်တံဖြင့် ဖုန်မှုန့်စသည့်တို့ကို ပွတ်တိုက်မှုတ်ထုတ်ပါ။

▶ မှတ်ချက်များ

- ထိန်းသိမ်းပြုပြင်နေစဉ် သင်၏လက် အစရှိသည့်တို့ဖြင့် မပိတ်ထားပါနှင့်။
- ပြုပြင်နေစဉ် (သို့) ပြုပြင်ပြီးချိန်တွင် လေထွက်ပေါက်မှ ဖုန်မှုန့်များ ပျံ့ထွက်တက်သည်။ ထို့ကြောင့်အသုံးမပြုမီလေထွက်ပေါက်မှ မည့်သည့် ဖုန်မှုန့်မှ မထွက်ကြောင်း သေချာအောင် ပြုလုပ်ပါ။( လေထွက်ပေါက်အထဲသို့ မကြည့်ပါနှင့် )



( စီးပွားဖြင့်ရရှိနိုင်သော သွားတိုက်တံကို သုံးပါ။ )

# နာနိုထွက်ပေါက်ကို ပြုပြင်ထိန်းသိမ်းခြင်း

နာနိုထွက်ပေါက်ကို တစ်လတွင် တစ်ကြိမ် အနည်းဆုံးသန့်ရှင်းပေးရမည်။

နာနိုထုတ်လွှတ်မှုပမာဏကို ထိန်းသိမ်းရန် ့

၁။ အလွယ်တကူရရှိနိုင်သော ဝါဂွမ်းအဖက်ကို ပြင်ဆင်ပါ။

၂။ နာနိုထွက်ပေါက်ကို ဝါဂွမ်းအဖက်ဖြင့် အဆုံးရောက်သည် အထိ ဖြည်းညှင်းစွာထည့်ပါ။
(၁၀ မီလီမီတာခန့် ) ပြီးနောက် ဝါဂွမ်းဖက်ကို ၂–၃ ကြိမ် ဂရုစိုက်စွာလှည့်ပါ။




▶ မှတ်ချက်များ

သေးငယ်သောဝါဂွမ်းအဖက်ဖြင့် နာနိုထွက်ပေါက်ကို သန့်ရှင်းရန် လွယ်ကူပါသည်။ ( ဥပမာဖြင့် – ကလေးများအတွက်တစ်ခါသုံးစာ )


# လေဝင်ပေါက်ကို ပြုပြင်ထိန်းသိမ်းခြင်း

**လေဝင်ပေါက်ကို တစ်လလျှင် တစ်ကြိမ်သန့်ရှင်းပါ။**

- ဖုန်မှုန့်များ စုနေသောအခါ ဆံပင်အခြောက်ခံစက်မှ စစ်ထုတ်ကိရိယာကို ခွာချပါ။ ပြီးနောက် သွားတိုက်တံ (သို့) ဖုန်စုပ်စက်ကို အသုံးပြုပြီး ဖုန်မှုန့်များကို ဖယ်ပါ။
- အလွယ်တကူ ရရှိနိုင်သော သွားတိုက်တံကို အသုံးပြုပါ။

၁. ဖြုတ်ရန် စစ်ထုတ်ကိရိယာ၏ အောက်ဘက်ရှိ ချိတ်ကို ဆွဲပါ။


၂. စစ်ထုတ်ကိရိယာတွင် ကပ်နေသော (သို့) လေဝင်ပေါက်ဇကာတွင် ကပ်နေသော မည်သည့်ဖုန်များကို မဆို ဖယ်ရှားပါ။



- ဖုန်စုပ်စက်ကိရိယာကို အသုံးပြုပြီး စစ်ထုတ်ကိရိယာ၏ အပြင်းပိုင်းရှိ ဖုန်မှုန့်စသည့်တို့ကို ဖယ်ရှားပါ။ အကယ်၍ ဖုန်များကို ဖယ်ရှား၍ မရပါက လက်ချောင်း၏ တူသောအပိုင်းကို အသုံးပြုပြီး အတွင်းပိုင်းရှိ သန့်စင်သော အကွက်မှ အပြင်ပိုင်းရှိ သတ္တုအကွက် (သို့) ဖုန်မှုန့်များကို တွန်းပါ။ ပြီးနောက်သွားတိုက်တံဖြင့် ဂရုတစိုက် ပွတ်တိုက်ပါ။
- စစ်ထုတ်ကိရိယာ၏ အတွင်းပိုင်းမှ ဖုန်မှုန့်များကို သွားတိုက်တံကို အသုံးပြု၍ ဂရုတစိုက် ပွတ်တိုက်ပေးရမည်။
- သွားတိုက်တံ (သို့) ဖုန်စုပ်စက်ကို အသုံးပြုပြီး လေဝင်ပေါက်တွင် ကပ်နေသာ ဖုန်မှုန့်များကို ဂရုတစိုက် ဖယ်ရှားရမည်။
- လက်သည်းများဖြင့် အားသုံးပွတ်တိုက်ပါက စစ်ထုတ်ကိရိယာကို စုတ်ပြဲစေနိုင်သည်။ ထို့ကြောင့်သွားတိုက်တံအသုံးပြုပါ။

၃. အပေါ်ဖက် ကစ၍ စစ်ထုတ်ကိရိယာကို လုံလုံခြုံခြုံ တပ်ဆင်ပါ။

- အောက်နှင့် အပေါ်ရှိသည့် ထည့်၍ရသော နေရာမှ "ကလစ်" ဟုကြားရသည့် အထိဖိပါ။



# ပြဿနာရှာဖွေဖြေရှင်းခြင်း

| ပြဿနာ | ဖြစ်ရသည့်အကြောင်းအရင်း | လုပ်ဆောင်မှု |
| --- | --- | --- |
| (ပူနွေးခြင်း) အသုံးပြုသောအခါ စက်ပစ္စည်းအထဲတွင် မီးပွားများ တွေ့ရတတ်သည်။ (ထိုမီးပွားများသည် စက်ကိုကာကွယ်ပေးသော အပူချိန်ခလုတ်ကြောင့်ဖြစ်ပေါ်လာပြီးအန္တရာယ်မရှိနိုင်ပါ။ ) | လေဝင်ပေါက် (သို့) လေထွက်ပေါက်တွင် ဖုန်များကပ်နေခြင်း။ | ကပ်နေသောဖုန်များကို ဖယ်ပါ (စာမျက်နှာ – ၁၆ တွင်ကြည့်ပါ။ ) |
| လေပူသည် လေအေးသို့ထပ်ခါထပ်ခါ ပြောင်းသည်။ | ဆံပင် (သို့) တစ်စုံတစ်ခု လေဝင်ပေါက်ကို ပိတ်နေခြင်း။ | လေဝင်ပေါက်ကို မပိတ်ပါနှင့်။ |
| လေပူသည် ပုံမှန်မဟုတ်ဘဲ ပူနေသည်။ | | |
| ပါဝါပလပ်သည် ပုံမှန်မဟုတ်ဘဲ ပူနေသည်။ | ပါဝါပလပ်ကို ပလပ်ပေါက်အတွင်း သေချာစွာမတပ်ဆင်ခြင်း။ | ပါဝါပလပ်ကို အံကျသော ပလပ်ပေါက်တွင် အသုံးပြုပါ။ |
| နာနိုထွက်ပေါက်ထဲတွင် မီးပွားများ ထုတ်လွှတ်နေသည်။ | နာနိုထွက်ပေါက်၏ အနောက်ဘက်ရှိ အပ်ပုံသဏ္ဍာန် ချွန်သော အပိုင်းညစ်ပတ်နေသည်။ | နာနိုထွက်ပေါက်ကို ပြုပြင်ထိန်းသိမ်းခြင်း |
| နာနိုထွက်ပေါက်ထဲမှ ကွဲအပ်သော အသံများထွက်နေသည်။ | | |
| မနှစ်မြို့ဖွယ်ကောင်းသောအနံ့တစ်ခုရနေသည်။ | အဘယ်ကြောင့်ဆိုသော နာနိုသည် မနှစ်မြို့ဖွယ်ကောင်းသော အနံ့တစ်မျိုးထုတ်လွှတ်သည် ၎င်းသည် သင့်ခန္ဓာကိုယ်အား ထိခိုက်မှု မရှိပါ။ | |
| နာနိုထွက်ပေါက်မှ ရေစက်များ ပျံ့ထွက်နေသည်။ | နာနိုထုတ်လုပ်သောအခါ ရံဖန်ရံခါ ရေစက်များပျံ့ထွက်တတ်သည်။ ဤအရာသည် ပုံမှန်မဟုတ်ခြင်း မဟုတ်ပါ။ | |

အကယ်၍ ပြဿနာများ မဖြေရှင်းသေးပါက ပစ္စည်းဝယ်လာသောစတိုးဆိုင် (သို့) ပန်နာဆိုးနစ် ခွင့်ပြုချက်ရ ဆားဗစ်စင်တာသို့ပြန်လည်ပြင်ဆင်ရန် ဆက်သွယ်ပါ။

# အသေးစိတ်အချက်အလက်များ

| ပါဝါအရင်းအမြစ် | ၂၂၀ဗို့ ~ ၅၀–၆၀ဟာတ်စ် | ၂၃၀ဗို့ ~ ၅၀–၆၀ဟာတ်စ် | ၂၄၀ဗို့ ~ ၅၀–၆၀ဟာတ်စ် |
| --- | --- | --- | --- |
| ပါဝါသုံးစွဲမှုနှုန်း | ၁၃၅၀ ဝပ် | ၁၅၀၀ ဝပ် | ၁၆၀၀ ဝပ် |
| ဆက်စပ်ပစ္စည်းများ | နှုတ်သီးပြွန်၊ လျှင်မြန်စွာ ခြောက်သွေ့သော နှုတ်သီးပြွန် | | |

ဤထုတ်ကုန်သည် အိမ်သုံးအတွက်သာဖြစ်သည်။

မြန်မာ

Panasonic Manufacturing (Thailand) Co., Ltd.

Navanakorn Industrial Estate, Zone 3, No. 106 Moo 18,
Klong 1, Klong Luang, Patum Thani 12120, Thailand